# အမေ့အတွက် ကတိလက်ဆောင်

အိမ်ကမိစ္ဆာတွေကိုမောင်းထုတ်ဖို့
ဆရာတော်တွေကြွလာတုန်း
တအုံးအုံးနဲ့ ပစ်လိုက်တာများ
အမေသာကြားရင်
ဘယ်စားဝင်အိပ်ပျော်နိုင်ပါ့။

လေတွေထန်ရေတွေလျှံလို့
ပြန်ဖို့လမ်းမမြင် ကမ်းတင်ကျန်တဲ့
ကံမဲ့တဲ့ သားနဲ့သမီးရယ်
အမေဘယ်မှာ ဖြေဆည်နိုင်ပါ့။

ရှာသူကြီး ဟိုလူကြီးလည်း
အိမ်ထဲသာလာ နာရေးဘဲမေး
သာရေးအတွက်တော့  နာစေးလို့သာ
အမေဘယ်မှာ ဘာဘာညာညာ
တစ်ခါတောင်မမေး မတွေးဘူး အမေ။

အမေ့ မွေးနေ့
ရောက်တော့မှာမို့ ဆွမ်းကပ်ဖို့ဆရာတော်ဆီအသွား
ဩော် ပျံတော်မူသွားရှာပေါ့  တို့သံဃာများ။

အမေ့အတွက် မွေးနေ့ လက်ဆောင်
သိန်းတစ်ထောင်မက အဖိုးဆောင်
လွတ်မြောက်မှု အကျိုးအောင်ဖို့

အရိုးကျေကျေ အရေခန်းခန်း

ပန်းတိုင်ကို အရောက်လှမ်းမှာပါ အမေ။

**နေယု**